SYNERGY Publication



# နိုင်းနိုင်းစနေ

## ဥယျာဉ်ထဲက ပန်းတစ်ပွင့်

(ဝတ္ထုတိုများ)

ကံကောင်းခြင်းအပင်ဆီက

မျိုးစေ့လေးတစ်စေ့ ကြွေကျလာတယ်။

မင်းနဲ့အနီးစပ်ဆုံးနေရာမှာ အဲဒီမျိုးစေ့ကိုကျဲခဲ့တယ်။

ကံကောင်းခြင်းတွေနဲ့ မင်း နီးစပ်နိုင်ပါစေ။

# (၁)

ချစ်သူကို အကြာကြီးစိတ်မကောက်နဲ့

မောင့်အတွက် မျက်ရည်တွေ ကုန်ခဲ့ပြီလို့ ထင်ခဲ့တဲ့ကျွန်မ တစ်ကိုယ်လုံး ဆွဲဆုတ်ထားသလို နာကျင်နေခဲ့တယ်'

(၁)

အကြင်နာမဲ့တဲ့ အထင်လွဲမှု တစ်ခုက ပျော်ရွှင်ခြင်းဆီ လှမ်း နေတဲ့ ကျွန်မတို့ရဲ့ ခြေလှမ်းကို ပျက်စေခဲ့တယ်။ ကံကြမ္မာရဲ့ အထုံး တစ်ခုကို ဖြည်လိုက်နိုင်ချိန်မှာ တော့ အရာအားလုံးဟာ နှောင်းသွားခဲ့ပါပြီ။ လက်ထပ် ပြီးနှစ် နှစ် အကြာ ရွာက မောင့်မေမေကို ကျွန်မတို့နဲ့ အတူလာနေစေခြင်းက ပူဆွေးသော ကရဲ့ အစပေပဲလား။

ငယ်ငယ်ကတည်းက အဖေမရှိတော့တဲ့ မောင့်ကို အမေ တစ်ယောက် တည်းပဲ ပင်ပင်ပန်းပန်းရုန်းကန်ပြီး ဘွဲ့ရကြီးပြင်းတဲ့အထိ ပြုစု ပျိုးထောင်ခဲ့တာပါ။ ယောက္ခမကိုခေါ် ဖို့ကိစ္စ ကျွန်မ သဘောတူခဲ့ပြီး မောင့် မေမေအတွက် နေပူစာလည်း လှုံနိုင်အောင်၊ ပန်းတွေလည်း စိုက်နိုင် အောင် အိမ်တောင်ဘက်က ဝရံတာပါတဲ့အခန်းကို ကျွန်မ ရှင်းလင်းနေခဲ့ တယ်။ နေရောင် ခြည်နွေးထွေးနေတဲ့အခန်းထဲ မောင်ဝင်လာပြီး အခန်း ရှင်းနေတဲ့ ကျွန်မကို ကိုင်မြှောက်ပြီး ပတ်ချာလှည့်ကစားလိုက်တယ်။ အောက်ချပေးဖို့ ကျွန်မတောင်းပန်မှ မောင်က ဝမ်းသာစွာ နဲ့ . . .

'ကဲ . . . မေမေ့ကို သွားကြိုရအောင်'တဲ့။ မောင့်မေမေ ရောက်လာဖို့အတွက် ကျွန်မတို့ ပျော်ရွှင်နေခဲ့ကြတယ်။

အရပ်မြင့်ပြီး ခန္ဓာကိုယ်ထွားတဲ့ မောင့်ရင်ခွင်မှာ ခိုဝင်ရတာ ကို ကျွန်မ ကြိုက်ခဲ့တယ်။ အဲဒီ့ ခန္ဓာကိုယ်မျိုးက သေးငယ်တဲ့ ကျွန်မရဲ့ ခန္ဓာကိုယ်ကို အချိန်မရွေး မောင့်အိတ်ကပ်ထဲထည့်ထားနိုင်တဲ့ ခံစားမှု မျိုးနဲ့ ကျွန်မကို လုံခြုံမှု တွေ ဖြစ်စေခဲ့တယ်။ မောင်နဲ့ငြင်းခုံတိုင်း အလျှော့ မပေးတတ်တဲ့ ကျွန်မကို မောင်က ကိုင်မြှောက်ပြီး ကျွန်မ

ထိတ်လန့်တဲ့ အထိ ခါရမ်းတတ်တယ်။ အဲဒီ့ ထိတ်လန့်တဲ့ ပျော်ရွှင်မှု မျိုးကလည်း မောင့် အပေါ်ထားတဲ့ ကျွန်မရဲ့ သံယောဇဉ်ပေပဲလား။

မြို့ရောက်လာခဲ့ပေမယ့် ရွာကစလေ့တွေ ကို မောင့်မေမေ ချက်ချင်း ဖျောက်နိုင်ခဲ့ပုံ မရဘူး။ ပန်းတွေ အမြဲဝယ်ပြီး ဧည့်ခန်းမှာ အလှ ပန်းအိုးထိုးတတ်တဲ့ ကျွန်မကို ယောက္ခမက ကြည့်မရတဲ့အဆုံး မအောင့် နိုင်ဘဲ . . .

'ဘဝကို ဘယ်လိုဖြတ်သန်းရမယ်ဆိုတာ နင်တို့ မသိကြဘူးလား။ စားလို့ရတာ လည်း မဟုတ်ဘဲနဲ့ ဘာလို့ ပန်းတွေ ဝယ်ခဲ့ရသလဲ'

'မဟုတ်ဘူးလေ မေမေ၊ ပွင့်နေတဲ့ပန်းကိုကြည့်ပြီး လူတွေ ရဲ့ စိတ်ဟာလည်း လန်းဆန်းနိုင်တယ်လေ'

ကျွန်မ ရယ်ပြီးပြောတော့ မောင့်မေမေက ခေါင်းငုံ့စူပုပ်နေခဲ့ တယ်။

'အမေ ဒါဟာ မြို့သားတွေ ရဲ့ အကျင့်၊ နောက်တော့ တဖြည်း ဖြည်းနဲ့ အမေ ကျင့်သားရလာလိမ့်မယ်'

မောင်က ရယ်ကျဲကျဲနဲ့ ဝင်ထောက်တယ်။

ပန်းဝယ်တဲ့ကိစ္စကို ထပ်မပြောတော့ပေမယ့် ကျွန်မ ပန်းဝယ် ပြန်လာတိုင်း ဘယ်လောက်ပေးဝယ်ခဲ့ရသလဲလို့ မေးတတ်ပြန်တယ်။ ပန်းဖိုးငွေကို ကျွန်မ ပြောပြလိုက်ရင် တကျွတ်ကျွတ်နဲ့ စုတ်ထိုးနေတတ် တယ်။ တစ်ခါတလေ အထုပ်ကြီးငယ်တွေ နဲ့ ကျွန်မ ဈေးကပြန်လာရင် ဟိုဟာ ဘယ်လောက်လဲ၊ ဒီဟာဘယ်လောက်လဲနဲ့ မေးတတ်ပြန်တယ်။ ဈေးနှုန်းအမှန်တွေ ကို ကျွန်မ ပြောပြလိုက်ရင် သူ့စုတ်ထိုးသံက ပိုကျယ်လို့ နေခဲ့တယ်။

'ဈေးနှုန်းအမှန်တွေ သွားမပြောနဲ့လေ လူအမလေးရဲ့ ' ကျွန်မ နှာခေါင်းကို ဖိညှစ်ပြီး မောင်က ဆိုလာတယ်။ ပျော်ရွှင်စရာနေ့ရက်တွေ က တဖြည်းဖြည်း သံစဉ်ပြောင်းလာခဲ့ပါပြီ။

မရဆုံးပါပဲ။ ဘယ့်နှယ့် လင်ယောက်ျားက မိန်းမအတွက် နံနက်စာ

ထလုပ်ရတယ်လို့။ ဒါဟာ မ ဖြစ်သင့်တဲ့ကိစ္စလို့ သူမြင်ခဲ့တယ်။

နံနက်စာစားတိုင်း ပုပ်သိုးနေတဲ့သူ့ မျက်နှာကို ကျွန်မ မမြင်ချင်ဟန်ဆောင်ခဲ့တယ်။ ဒါကို သူက ဇွန်းခက်ရင်းတွေ တတောက်တောက် ခေါက်ပြီး အသံတိတ်ဆန္ဒပြခဲ့တယ်။ ကျွန်မဟာ အကနည်းပြဆရာမ တစ်ဦးပါ။ တစ်နေကုန် ကခုန်ခဲ့ရလို့ ပင်ပန်းနေတဲ့ ကျွန်မအဖို့ နံနက် စောစော နွေးထွေးတဲ့အိပ်ရာကို မခွာရက်ဘဲ ဇိမ်ခံပြီး နှပ်နေချင်ခဲ့တယ်။ ဒါကြောင့် မို့လည်း မောင့်မေမေ အသံတိတ်ဆန္ဒပြတာကို မျက်စိမှိတ်၊ နားပိတ်ပြီး မသိချင်ဟန်ဆောင်ခဲ့ပါတယ်။

မောင့်မေမေဟာ ကျွန်မကို အိမ်မှု ကိစ္စတွေ ကူလုပ်ပေးပါတယ်။ ဒါပေမဲ့ သူကူရင် ကျွန်မ ပိုပြီးအလုပ်ရှုပ်ရပါတော့တယ်။ ဥပမာ ပလက် စတစ်အိတ်တွေ ကို ပြန်ရောင်းဖို့ဆိုပြီး အကုန်လိုက်စုထားတတ်တယ်။ နောက်တော့ အိမ်တစ်ခုလုံး အိတ်တွေ နဲ့ ပြည့်နေရော။ ပန်းကန်ဆေးရည် ကို နှမြောလို့ဆိုပြီး မသုံးဘဲနေခဲ့တယ်။ နောက်တော့ မစင်တဲ့ပန်းကန်တွေ ကို သူမသိအောင် တိတ်တိတ်လေး ကျွန်မ ပြန်ဆေးခဲ့ရပါတယ်။

(၂)

ညတစ်ညမှာ ပန်းကန်တွေ ကို ပြန်ခိုးဆေးနေတဲ့ ကျွန်မကို မောင့်မေမေ မြင်သွားခဲ့တယ်။ အိပ်ခန်းတံခါးကို 'ဒုန်း' ခနဲဆောင့်ပိတ်ပြီး အိပ်ရာထဲမှာ သူ အော်ငိုပါတော့တယ်။ အမေနဲ့မိန်းမကြား မောင် ဗျာများ ရပါတော့တယ်။ အဲဒီ့ ညက မောင် ကျွန်မကို စကားတစ်ခွန်းမှ ပြန် မပြောခဲ့ပါဘူး။ သူ့ကို ကျွန်မ ဘယ်လိုပဲစစ ဂရုမစိုက်ခဲ့ဘူး။

'ကျွန်မ ဘာအမှား လုပ်ခဲ့မိလို့လဲ'

လို့ ပြန်မေးတော့ မောင်က ကျွန်မကို ခပ်စူးစူးကြည့်ရင်း . . .

'မပြောင်တဲ့ပန်းကန်နဲ့စားလည်း သေမသွားတတ်ပါဘူး။ မင်း ဘာလို့ မသိတတ်ရတာ လဲကွာ'တဲ့။

အဲဒီ့ နောက်ပိုင်းမှာ ကျွန်မကို မောင့်မေမေ စကားမပြောတော့ ပါဘူး။

နွေးထွေးတဲ့အိမ်က တဖြည်းဖြည်း အေးစက်လာခဲ့တယ်။

နံနက်စာထလုပ်တတ်တဲ့ မောင့်ကို မကြည့်ရက်လို့ မောင့်မေမေ က နံနက်စာချက်ပြုတ်ခြင်းတာဝန်ကို ယူလိုက်တယ်။ သား ဖြစ်သူ စားနေတာကိုကြည့်ပြီး မောင့်မေမေ ပီတိဖြာပါတယ်။ ကျွန်မကိုကြည့်တဲ့ အကြည့် ကတော့ အိမ်ထောင့်တာဝန် မကျေဘူးဆိုပြီး အပြစ်တင်တဲ့အကြည့် မျိုးနဲ့ပါ။ အဲဒီ့ အကြည့်ကိုရှောင်ချင်လို့ ကျွန်မရဲ့ နံနက်စာကို လမ်းမှာ ဝယ်ပြီး ဖြေရှင်းလိုက်ရတာ များ လာခဲ့တယ်။

ညအိပ်ချိန်မှာ မောင်က စိတ်ဆိုးတဲ့လေသံနဲ့ . . .

'လူဒီ အမေလုပ်တဲ့အစာတွေ ကို ညစ်ပတ်တယ်ထင်ပြီး အိမ်မှာ မစားတာလား'

လို့ပြောပြီး တစ်ဖက်ကို မောင် လှည့်လိုက်တယ်။ မောင့်ရဲ့ အေးစက်တဲ့ကျောပြင်ကိုကြည့်ပြီး ကျွန်မ မျက်ရည်ကျခဲ့မိတယ်။

'လူဒီ မောင့်မျက်နှာကိုထောက်ပြီး အိမ်မှာ နံနက်စာစားပါလား'

သက်ပြင်းတစ်ချက်ချရင်း မောင်ကဆိုလာတယ်။ မောင့်ကြောင့် ကျွန်မ ရှေ့မျက်နှာ နောက်ထားပြီး နံနက်စာစားပွဲခုံမှာ ပြန်ထိုင်ခဲ့တယ်။

အဲဒီ့ နံနက်က မောင့်မေမေပြုတ်ထားတဲ့ ဆန်ပြုတ်ကို ကျွန်မ သောက်နေတုန်း ဘာ ဖြစ်တယ်မသိပါဘူး။ ဗိုက်ထဲကအစာအိမ်ကို တစ်ခုခု နဲ့ဖိထားသလို ခံစားရတယ်။ အစာတွေ ပါးစပ်ကထွက်မလာအောင် ကျွန်မ ဗိုက်ကို အတင်းဖိထားမိတယ်။ ဒါပေမဲ့ မရခဲ့ဘူး။ ပန်းကန်ကို စားပွဲပေါ် လွှတ်ချပြီး သန့်စင်ခန်းဘက် ကျွန်မပြေးပြီး ထိုးအန်မိတယ်။ အန်ပြီး ပုံမှန်အနေအထားပြန်ရောက်အောင် လေကို ရှူသွင်းရှူထုတ် လုပ်နေ ချိန်မှာ ငိုသံနဲ့ အပြစ်တင်နေတဲ့ မောင့်မေမေအသံကို ကျွန်မ ကြားလိုက် ရတယ်။ အဲဒီ့ နောက်မှာ တော့ သန့်စင်ခန်းတံခါးဝမှာ ခါးထောက်ပြီးကြည့် နေတဲ့ မောင့်ဒေါသမျက်နှာကို ကျွန်မ မြင်လိုက်တယ်။ ဖြေရှင်းဖို့ ပါးစပ်ဟလိုက်ပေမယ့် ကျွန်မနှုတ်က စကားတစ်ခွန်းမှ ထွက်မလာခဲ့ဘူး။ ကျွန်မ တမင်လုပ်တာ မဟုတ်ရပါဘူး မောင်ရယ်။

မောင်နဲ့ကျွန်မ ပထမဆုံးအကြိမ် အကြီးအကျယ် ရန် ဖြစ်ကြ တယ်။ ရန် ဖြစ်နေတဲ့ ကျွန်မတို့ကို မောင့်မေမေ စိုက်ကြည့်ပြီး အိမ်ကနေ ထွက်သွားခဲ့တယ်။ မောင်က ကျွန်မကို ခပ်စူးစူးတစ်ချက်ကြည့်ပြီး အမေ့ နောက်ကို ဆင်းလိုက်သွားခဲ့တယ်။ မျိုးဆက်သစ်လေး ကျွန်မတို့ဘဝထဲ ရောက်လာခါနီး မှ မထင်မှတ်တဲ့ မတော် တဆမှု က မောင့်မေမေရဲ့ အသက် ဝိညာဉ်ကို ခြွေယူသွားခဲ့တယ်။

သုံးရက်လုံးလုံး မောင် အိမ်ပြန်မလာခဲ့ဘူး။ ဖုန်းလည်း မဆက် ခဲ့ဘူး။ မောင့်မေမေ ရောက်လာပြီးနောက် ပျော်ရွှင်စရာကောင်းတဲ့ ကျွန်မတို့ရဲ့ အိမ်ဟာ အရာရာ ဆိတ်သုဉ်းသွားခဲ့ရတယ်။ ကျွန်မ ဘာများ ထပ်လုပ်ပေးရဦးမလဲ။ ထူးထူးဆန်းဆန်းပဲ ကျွန်မလည်း တစ်ချိန်လုံး အန်ချင်နေမိတယ်။ ဘာပဲစားစား အရသာမဲ့ နေတယ်။ ဒီပြဿနာတွေ နဲ့ ကျွန်မလည်း လူပန်းစိတ်နွမ်းလှပါပြီ။

လုပ်ဖော်ကိုင်ဖက်တချို့က 'လူဒီ . . . နင့်မျက်နှာကြည့်ရတာ တော် တော် မလန်းဘူး။ ဆေးရုံသွားပြီး စစ်ဆေးသင့်ပြီ'လို့ အသိပေး လာမှ ကျွန်မ ဆေးရုံဘက်ရောက်ခဲ့တယ်။

ကျွန်မ ကိုယ်ဝန်ရှိနေပြီတဲ့။

အဲဒီ့ နံနက်မှာ ထမင်းဝိုင်းမှာ ကျွန်မ အန်မိတဲ့အကြောင်းရင်းကို ကျွန်မ သိလာရတယ်။ ကျွန်မရဲ့ ပျော်ရွှင်မှု ထဲမှာ ဝမ်းနည်းမှု တွေ ရောပါနေ တယ်။

မောင်ရော . . .

အတွေ့အကြုံရှိတဲ့ မောင့်မေမေရော . . .

ဘာ ဖြစ်လို့ ဒီလိုအန်ခြင်းရဲ့ အကြောင်းရင်းကို နည်းနည်း လေး တောင် မရိပ်စားမိခဲ့တာလဲ။

(၃)

ဆေးရုံဝမှာ မောင့်ကို ကျွန်မ တွေ့လိုက်မိတယ်။ သုံးရက် လောက်မတွေ့တဲ့

မောင်က ရုပ်တော် တော် ကျသွားခဲ့တယ်။ ကျွန်မ မမြင်ချင်ဟန်ဆောင်ပြီး လှည့်ထွက်မလို့ဘဲ။ ဒါပေမယ့် မောင့်ပုံကို ကြည့်ပြီး သနားစိတ်ကို မအောင့်နိုင်ဘဲ မောင့်ကို ခေါ်လိုက်မိတယ်။ ကျွန်မခေါ်သံ ကြောင့် မောင် လှည့်ကြည့်လာပေမယ့် ကျွန်မကို ကြည့်တဲ့အကြည့်က သူစိမ်း တစ်ယောက် လိုပါပဲ။ မျက်လုံးထဲမှာ တော့ မုန်းတီးခြင်းအငွေ့တွေ က ကျွန်မကို ပြာကျစေခဲ့တယ်။ မောင့်ကိုမကြည့်မိအောင် ကျွန်မ ထိန်း ရင်း အငှားကားတစ်စီးကို လက်ပြတားလိုက်တယ်။ ကားပေါ်အတက် မောင့်ကို 'မောင် . . . မောင့်အတွက် သားလေး တစ်ယောက် ကျွန်မ မွေးပေးတော့မယ်'လို့ ကျွန်မ အော်ပြီး ပြောပြချင်လိုက်တာ။

မောင်ကြားရင် ကျွန်မကိုကိုင်မြှောက်ပြီး တစ်ပတ်ရမ်းလိုက်ဦး မလား။

ကျွန်မမျှော်လင့်တာတွေ ဖြစ်မလာခဲ့တော့ပါဘူး။ ကားထဲမှာ ထိုင်ပြီး ကျွန်မ ငိုမိတယ်။ ဘာကြောင့် ရန်ပွဲလေးတစ်ပွဲက အချစ်ကို ဒီလောက်အထိ ဆိုးဝါးစေခဲ့သလဲ။

အိမ်ပြန်ရောက်တော့ အိပ်ရာပေါ်လှဲရင်း မောင့်မျက်လုံးထဲက အမုန်းတွေ ကို ကျွန်မ ပြန်မြင်ယောင်မိတယ်။ စောင်ကို တင်းတင်းဆုပ် ကိုင်ပြီး ကျွန်မ ငိုမိပြန်တယ်။ အဲဒီ ညက အံ့ဆွဲဖွင့်သံတွေ ကို ကျွန်မ ကြားလိုက်မိတယ်။ မီးဖွင့်ကြည့်လိုက်တော့ မျက်ရည်အစွန်းသားနဲ့ မောင့်ကို ကျွန်မ တွေ့လိုက်မိတယ်။ ကျွန်မကို အေးစက်စက် တစ်ချက်ကြည့်ပြီး ပိုက်ဆံတွေ ကို မောင်ယူနေတယ်။ ကျွန်မကို မမြင်သလိုနဲ့ ဘဏ်စာအုပ် ကိုယူပြီး သူ ပြန်ထွက်သွားတယ်။ ကျွန်မကို တကယ်ပဲ ခွဲသွားတော့ မှာ လား။ မောင်က တော် တော် ထက်တာပဲ။ အချစ်နဲ့ငွေကို သပ်သပ်စီ ခွဲတော့မယ်ထင်တယ်။ ကျွန်မ အေးစက်စက်ရယ်လိုက်မိတယ်။ မျက်ရည် တွေ ကတော့ ပါးပြင်ပေါ် တောက်လျှောက်စီးကျလို့လာတယ်။

နောက်တစ်ရက်မှာ ကျွန်မ အလုပ်မသွားခဲ့ဘူး။ စိတ်ကိုငြိမ်ငြိမ် ထားပြီး မောင်နဲ့ကျွန်မ ဆွေးနွေးချင်သေးတယ်။ မောင့်ကုမ္ပဏီ မှာ မောင့်ကို သွားရှာတော့ အတွင်း ရေး မှူးမလေးက . . .

'သူ့အမေ ကားအက်ဆီးဒင့် ဖြစ်ပြီးဆုံးလို့ ဆေးရုံလိုက်သွား တယ်'

အဲဒီ စကားကြားတော့ ကျွန်မ ဆွံ့အသွားခဲ့ရတယ်။ ဆေးရုံကို ကျွန်မ အပြေးလိုက်သွားခဲ့တယ်။ မောင် ကတော့ အေးစက်မာကျော တဲ့မျက်နှာနဲ့ ကျွန်မကို မကြည့်ခဲ့ပါဘူး။ မောင့်မေမေရဲ့ ဖြူရော်နေတဲ့ မျက်နှာကိုကြည့်ပြီး ကျွန်မ မယုံနိုင်အောင် ဖြစ်ခဲ့တယ်။ ဘုရားရေ . . . ဘာလို့ ဒီလို ဖြစ်ရတာ လဲ။

မောင့်မေမေ သင်္ဂြိုဟ်ပြီးတဲ့အထိ ကျွန်မကို မောင် စကား တစ်ခွန်းမှ မပြောခဲ့ဘူး။ ကျွန်မကိုကြည့်တဲ့ အကြည့်တိုင်းမှာ မုန်းတီးမှု တွေ အပြည့်နဲ့ပါ။ မောင့်မေမေ ကားတိုက်မှု နဲ့ပတ်သက်ပြီး ကျွန်မသိရတာ က အဲဒီ နေ့ မောင့်မေမေ အိမ်ကထွက်ပြီး ရွာကိုပြန်မလို့ ကားဂိတ်ကို သွားခဲ့တယ်။ မောင်လည်း အမေ့နောက် အပြေးလိုက်ခဲ့ပေမယ့် လူကူး မျဉ်းကျားကူးချိန်မှာ တစ်ဖက်ကလာတဲ့ ကားနဲ့ တိုက်မိသွားခဲ့ကြောင်း တခြားလူတွေ ကတစ်ဆင့် ကျွန်မ သိလိုက်ရတယ်။ မောင့်ရဲ့ မုန်းတီးမှု တွေ ကို ကျွန်မ သဘောပေါက်သလိုရှိလာတယ်။ အဲဒီ နေ့ကသာ ကျွန်မ မအန်ခဲ့ရင်၊ အဲဒီ နေ့ကသာ ကျွန်မတို့ ရန်မ ဖြစ်ခဲ့ရင် အခုတော့ မောင့်ရဲ့ စိတ်ထဲမှာ ကျွန်မဟာ မောင့်မေမေကိုသတ်တဲ့ တရားခံ ဖြစ်နေခဲ့ပြီလား။

အိမ်ကိုပြန်လာပြီးတဲ့နောက် မောင့်မေမေခန်းမှာ ပဲ မောင် နေ ခဲ့တယ်။ ည အိမ်ပြန်တိုင်း မောင့်ကိုယ်ပေါ်မှာ အရက်နံ့တွေ မွှန်လို့နေတယ်။ အားနာခြင်းနဲ့ သနားခြင်းတွေ က ကျွန်မရင်ဝကို မွန်းကြပ်အောင် ဖိထား ခဲ့တယ်။ ကျွန်မတို့အတွက် မျိုးဆက်သစ်လေး ရှိနေပြီဆိုတဲ့အကြောင်း မောင့်ကို ကျွန်မ ပြောပြချင်လိုက်တာ၊ ရှင်းပြချင်လိုက်တာ။ ဒါပေမဲ့

အေးစက်တဲ့မောင့်မျက်လုံးတွေ ကို ကြည့်ပြီး အဲဒီ စကားတွေ ကို ကျွန်မ ပြန်မျိုချခဲ့ရတယ်။ ကျွန်မကို နာနာလေး တစ်ခါလောက်ရိုက်လိုက်၊ ရက်ရက်စက်စက် တစ်ခါလောက်ဆဲလိုက်၊ ကျွန်မ ခံနိုင်ပါတယ်။ အရာ အားလုံးဟာ ကျွန်မ တမင်လုပ်ခဲ့တာ မဟုတ်ရပါဘူး မောင်ရယ်။

အဲဒီ လိုနဲ့ပဲ တစ်ရက်ပြီးတစ်ရက် အပ်ကြောင်းထပ်ခဲ့တယ်။ မောင် အိမ်ပြန်ချိန်က ညပိုနက်လို့လာခဲ့တယ်။ တစ်ခါက စားသောက်ဆိုင် တစ်ဆိုင်ရှေ့

ကျွန်မဖြတ်တော့ ကြည်လင်တဲ့ပြတင်းမှန်ထဲမှာ မောင်နဲ့ မိန်းကလေး တစ်ယောက် မျက်နှာချင်းဆိုင်ထိုင်နေတာကို တွေ့လိုက်မိ တယ်။ မိန်းကလေးရဲ့ ဆံပင်ကို မောင်က ပွတ်သပ်လို့နေတယ်။ ကျွန်မ သဘောပေါက်လိုက်မိတယ်။ ဆိုင်ထဲကို ကမူးရှူးထိုး ပြေးဝင်ပြီး စားပွဲ ရှေ့မှာ ကျွန်မ ရပ်လိုက်တယ်။ မောင့်ကို ခပ်စူးစူးစိုက်ကြည့်လိုက်ပေမယ့် ကျွန်မမျက်ဝန်းအိမ်မှာ မျက်ရည် မရှိခဲ့ပါဘူး။ ကျွန်မ စကားတစ်ခွန်းမှ မပြောဘဲ ရပ်နေလိုက်မိတယ်။

ကျွန်မကိုကြည့်လိုက် မောင့်ကိုကြည့်လိုက်နဲ့ ထရပ်ပြီး ထွက် သွားဖို့ပြင်နေတဲ့ မိန်းကလေးကို မောင်က လက်လှမ်းဆွဲလိုက်တယ်။ ပြီးတော့ အေးစက်ခက်ထန်တဲ့အကြည့်နဲ့ ကျွန်မကို ကြည့်နေတယ်။ ကျွန်မနှလုံးခုန်သံကို ကျွန်မ ပြန်ကြားနေမိတယ်။ သေမင်းရဲ့ နှုတ်ခမ်းဝမှာ ခုန်နေသလိုမျိုး။ ကျွန်မက ရှုံးနိမ့်သူပါ။ ဆက်ရပ်နေရင် ကျွန်မရော၊ ဗိုက်ထဲကကလေးပါ အဲဒီ့နေရာမှာ လဲကျသွားနိုင်တယ်။

အဲဒီ့ညက မောင် ပြန်မလာခဲ့ဘူး။ အဲဒီ့လိုနည်းနဲ့ သူနဲ့ကျွန်မ ကြားက သံယောဇဉ်ကို သဘောပေါက်စေပုံရတယ်။ ယောက္ခမရဲ့ သေဆုံးမှု နောက်မှာ ကျွန်မတို့ရဲ့ အချစ်လည်း လိုက်ပြီး သေဆုံးသွားခဲ့ ရတယ်။ မောင် လုံးဝပြန်မလာခဲ့တော့ပါဘူး။ တစ်ခါတလေ ကျွန်မ အလုပ်ဆင်းပြန်လာရင် အိမ်ကဗီရိုတွေ မွှေနှောက်ထားသလို ရှုပ်ပွနေ တတ်တယ်။ ကျွန်မမရှိတုန်း မောင် သူ့ပစ္စည်းတွေ ပြန်လာယူတယ် ထင်ပါတယ်။ မောင့်ကို ကျွန်မ ဖုန်းလည်း မဆက်ခဲ့ဘူး။ အစက မောင့်ကို ကျွန်မရင်းပြဖို့ ရည်ရွယ်ထားတဲ့စိတ်တွေ လုံးဝပျောက်ဆုံးသွားခဲ့ရပါပြီ။

ကျွန်မ တစ်ယောက် တည်း ဆေးရုံသွားပြီး စမ်းသပ်မှု တွေ လုပ် ခဲ့တယ်။ တခြားကိုယ်ဝန်ဆောင်မိခင်လောင်းတွေ က လင်ယောကျ်ားနဲ့အတူ ဆေးရုံလာတာမြင်ရင် ကျွန်မရဲ့ နှလုံးသားတွေ မွကြေသွားသလို ခံစားမိ တယ်။ လုပ်ဖော်ကိုင်ဖက်တွေ က ကိုယ်ဝန်ဖျက်ချဖို့ အကြံပေးတယ်။ ကျွန်မ မလုပ်ရက်ဘူး။ ဘယ်လိုနည်းနဲ့ ဖြစ် ဖြစ် ကျွန်မ မွေးကိုမွေးမယ်။ မောင့်မေမေအတွက် အလျော်ပဲ ဖြစ် ဖြစ်ပေါ့။

တစ်ရက် ကျွန်မ အလုပ်ဆင်းပြန်တော့ ဧည့်ခန်းမှာ ထိုင်နေတဲ့ မောင့်ကို တွေ

့လိုက်မိတယ်။ အခန်းတစ်ခုလုံးလည်း ဆေးလိပ်မီးခိုးတွေ နဲ့ မွှန်းကြပ်လို့နေတယ်။ စားပွဲခုံပေါ်မှာ စာရွက်တစ်ရွက် တင်ထားတယ်။ အဲဒီ့ စာရွက်ကို ကျွန်မ မကြည့်လည်း ဘာအတွက်ကြောင့် ဆိုတာကို ကျွန်မ သိလိုက်ပါတယ်။

မောင်မရှိတဲ့ နှစ် လအတွင်း ႈ စိတ်ရဲ့ တည်ငြိမ်ခြင်းကို ကျွန်မ ကျင့်သားရခဲ့တယ်။ 'ခဏလေး . . . ကျွန်မ လက်မှတ်ထိုးပေးမယ်' ဦးထုပ်ကိုချွတ်ရင်း မောင့်ကို ကြည့်ပြီး ကျွန်မ ပြောလိုက်တယ်။ ကျွန်မလိုပဲ မောင့်မျက်လုံးထဲမှာ လည်း တွေ ဝေခြင်းတွေ ပြည့်နှက်လို့နေတယ်။ အပေါ် အင်္ကျီကိုချွတ်ရင်း မငိုမိစေဖို့ ကျွန်မ အားတင်းလိုက်တယ်။ အင်္ကျီကို ချိတ်ပြီး မောင့်ဘက်လှည့်လိုက်တော့ မောင်က ပြည့်ဖောင်းလာတဲ့ ကျွန်မရဲ့ ဗိုက်ကို မျက်တောင်မခတ် စိုက်ကြည့်နေတာကို တွေ့လိုက်ရတယ်။ ကျွန်မ ပြုံးပြုံးလေးနဲ့ စာရွက်ပေါ် လက်မှတ်ထိုးလိုက်ပြီး မောင့်ဆီ စာရွက်ကို တွန်းပို့လိုက်တယ်။

'လူဒီ . . . မင်း ကိုယ်ဝန်ရှိနေပြီ'

အမေ သေဆုံးသွားပြီးတဲ့နောက် ဒါဟာ ပထမဆုံးအကြိမ် ကျွန်မကို မောင် စကားပြောခြင်းပါ။ ကျွန်မမျက်လုံးကို ကျွန်မ မထိန်း နိုင်ခဲ့ဘူး။ ပါးပြင်ပေါ်ကို မျက်ရည်တွေ တရဟောစီးကျလာခဲ့ တယ်။

'ဟုတ်တယ်၊ ဒါပေမဲ့ ကိစ္စမရှိဘူး။ ရှင် သွားလို့ရပြီ'

မောင် ထွက်မသွားခဲ့ဘူး။ အမှော င်ထဲမှာ ကျွန်မတို့ တစ်ယောက် ကို တစ်ယောက် စိုက်ကြည့်နေခဲ့ကြတယ်။ မျက်ရည်တွေ မောင့်ပါးပြင် ထက် စီးကျလို့လာခဲ့တယ်။ အရာအားလုံးဟာ အဝေးမှာ ကျန်ရစ်ခဲ့ပါပြီ။ ဝေးလွန်းလို့ ကျွန်မ အပြေးလိုက်ခဲ့လည်း ဖမ်းဆုပ်လို့ မရခဲ့တော့ပါဘူး။

'မောင် မှာ ႈသွားတယ်'လို့ တောင်းပန်စကားကို ဘယ်နှစ် ကြိမ် မြောက်မှန်းမသိ မောင့်ဆီက ကျွန်မကြားခဲ့ရတယ်။ အစတော့ ကျွန်မဟာ ခွင့်လွှတ်နားလည်တတ်သူ တစ်ယောက် ဖြစ်တယ်လို့ ကိုယ့်ကိုယ်ကို ထင် ခဲ့မိတယ်။ အခုတော့ မဟုတ်ခဲ့ပါလား။ စားသောက်ဆိုင်မှာ တွေ့ ခဲ့တဲ့ အေးစက်မာကျောတဲ့ မောင့်အကြည့်တွေ ဒီတစ်သက် ကျွန်မ

ဘယ်လို မေ့လို့ရနိုင်မလဲ။

(၄)

ဒီအ ဖြစ်အပျက်မှာ ကျွန်မရဲ့ မတော် တဆ အပြုအမူလေး တစ်ခုကို မောင်က တမင်သက်သက် ကြီးထွားအောင်ပြုလုပ်ခဲ့တယ်။ အေးစက်တဲ့ ဒီအကြည့်တွေ အရည်ပျော်ဖို့ မျှော်လင့်ခဲ့ပေမယ့် ကျွန်မတို့ရဲ့ နှလုံးသားကိုယ်စီမှာ ဒဏ်ရာတွေ က အထပ်ထပ် ထင်ကျန်ရစ်ခဲ့ပြီလေ။

ဗိုက်ထဲကကလေးကို စဉ်းစားမိတိုင်း ရင်ကို နွေးထွေးစေခဲ့ပေ မယ့် မောင့်ကို ကျွန်မ အေးတိအေးစက်ပဲ ဆက်ဆံခဲ့တယ်။ မောင်ကျွေး တာတွေ မစားဘူး။ မောင်ဝယ်တာတွေ မယူဘူး၊ မောင်နဲ့လည်း ကျွန်မ စကားတစ်ခွန်းမှ မပြောခဲ့ဘူး။ ဟိုစာရွက်ပေါ် ကျွန်မ လက်မှတ်ထိုးပြီး ကတည်းက လက်ထပ်ခြင်းနဲ့ ချစ်ခြင်းဆိုတာ ကျွန်မဘဝမှာ လုံးဝ ပျောက်ဆုံးသွားခဲ့ရတယ်။ အိပ်ခန်းထဲ မောင်ဝင်လာရင် ကျွန်မ ဧည့်ခန်း ဘက်ကို ရှောင်တယ်။ နောက်တော့ မောင် အမေ့အခန်းမှာ ပဲ အိပ် တော့တယ်။

ည မောင့်အခန်းက ညည်းသံတိုးတိုးလေးကို ကျွန်မ ကြားလိုက် မိတယ်။ ဒါဟာ မောင့်အကျင့်ပေါ့။ အရင်က ကျွန်မ စိတ်ကောက်ရင် မောင်က ဖျားချင်ဟန်ဆောင်ပြီး ညည်းပြတတ်တယ်။ မောင် တကယ် ဖျားနေတယ်အထင်နဲ့ စိုးရိမ်တကြီး ပျာယာခတ်နေတတ်တဲ့ ကျွန်မကို မောင်က ပွေ့ဖက်ရင်း တဟားဟား အော်ရယ်တတ်တယ်။ အဲဒီ့တုန်းက မောင့်ကို စိုးရိမ်တာဟာ အချစ်စိတ်ကြောင့် ဆိုတာ မောင် မေ့နေခဲ့ပြီလား။ အခုတော့ ကျွန်မမှာ အဲဒီ့ အချစ်တွေ မရှိတော့ပါဘူး။

မောင့်ညည်းသံက ကျွန်မမွေးဖွားရက်အထိ ရှည်ကြာခဲ့တယ်။ ကလေးအသုံးအဆောင်ပစ္စည်းတွေ ၊ မောင် နေ့တိုင်းဝယ်ခဲ့တယ်။ ကလေး စာအုပ်တွေ ၊ စားစရာတွေ ၊ တစ်ထုပ်ပြီးတစ်ထုပ် အိမ်ထဲမှာ တောင်ပုံရာပုံ ပါပဲ။ မမြင်ရသေးတဲ့ ရင်သွေးအတွက် အဲဒီ့ လိုပုံစံနဲ့ ကျွန်မစိတ်ပြန်လည် လာအောင် မောင် ကိုင်လှုပ်ခဲ့တယ်။ ကျွန်မရဲ့ စိတ်တွေ မာကျောသွားပြီ မောင်။

မောင့်ကို စကားလည်းမပြော၊ ဂရုလည်းမစိုက်ခဲ့တဲ့အတွက် မောင်ဟာ သူ့အခန်းထဲမှာ ပဲ ပိတ်လှောင်ပြီး ကွန်ပျူတာနဲ့ စာတွေ တချောက်ချောက်ရိုက်နေခဲ့တယ်။ မောင် ဘာလုပ်နေမလဲ။ ကျွန်မ နည်းနည်း မှ စိတ်မဝင်စားခဲ့တော့ပါဘူး။

ဒီလိုနဲ့ လတွေ ကြာခဲ့တယ်။ ညတစ်ညမှာ ဗိုက်ထဲထိုးပြီး နာလာ လို့ ကျွန်မ အော်လိုက်တဲ့အသံကိုကြားတော့ မောင်ဟာ မြားတစ်စင်းရဲ့ အလျင်လိုပဲ ကျွန်မအခန်းထဲ ပြေးဝင်လာခဲ့တယ်။ ဒီလိုနေ့မျိုးကိုပဲ မောင် စောင့်နေခဲ့တယ်ထင်တယ်။ ကျွန်မကိုဖေးမပြီး အိမ်ထဲကနေ အပြေး ထွက်ခဲ့တယ်။ ကားတစ်စီးငှားပြီး တစ်လမ်းလုံး ကျွန်မရဲ့ လက်ကို တင်းတင်းဆုပ်ကိုင်လို့ နဖူးပေါ်ကျလာတဲ့ ချွေးတွေ ကို မောင် သုတ်ပေး နေခဲ့တယ်။ ဆေးရုံရောက်တော့ သားဖွားမီးယပ်ဆောင်ဘက် ကျွန်မကို ဖေးမပြီး မောင် အပြေးသွားနေခဲ့တယ်။ မောင့်ရဲ့ ပိန်လှီတဲ့နောက်ကျောကို မှီရင်း ကျွန်မ ခေါင်းထဲ အတွေးတချို့ဝင်လာခဲ့တယ်။ မောင့်လောက် ကျွန်မအပေါ် ဘယ်သူကချစ်နိုင်ဦးမလဲ။ မီးဖွားခန်းထဲ တွန်းဝင်သွားတဲ့ ကျွန်မကို တံခါးဝမှာ ရပ်ပြီး မောင်ကြည့်နေခဲ့တယ်။ နာတာကိုအောင့်အီး ပြီး မောင့်ကို ကျွန်မ ပြုံးပြလိုက်မိတယ်။

ကျွန်မရဲ့ သားလေးကိုကြည့်ပြီး မောင့်မှာ ကြည်နူးမဆုံး တပြုံးပြုံး ဖြစ်နေတော့တယ်။ မောင့်လက်ကို ကျွန်မ ဆုပ်ကိုင်လိုက်တယ်။ ကျွန်မကို မောင် တစ်ချက်ပြုံးပြရင်း ရုတ်တရက် မောင် ပျော့ခွေပြီးလဲကျသွားတယ်။

မောင် . . .

နွမ်းနယ်တဲ့ မောင့်မျက်လုံးတွေ က ပြန်ဖွင့်မလာသေးဘူး။ မောင့်အတွက် မျက်ရည်တွေ ကုန်ခဲ့ပြီလို့ ထင်ခဲ့တဲ့ကျွန်မ တစ်ကိုယ်လုံး ဆွဲဆုတ်ထားသလို နာကျင်နေခဲ့တယ်။ တာဝန်ကျဆရာဝန်က မောင့်ရဲ့ အသည်းကင်ဆာဟာ နှောင်းပိုင်းကို ရောက်နေပြီ ဖြစ်တဲ့ အကြောင်း၊ မောင် အခုထိ တောင့်ခံနိုင်ခဲ့တာ ထူးဆန်းမှု တစ်ရပ် ဖြစ်ကြောင်း ပြောပြခဲ့ တယ်။ လွန်ခဲ့တဲ့ငါးလလောက်ကတည်းက မောင့်မှာ အသည်းကင်ဆာ ရှိကြောင်း သိခဲ့ရတယ်တဲ့။ အားလုံးကို ပြင်ဆင်ထားတော့လို့ ဆရာဝန်က ကျွန်မကို နှစ် သိမ့်ခဲ့တယ်။

နပ်စ်တားတာကို ကျွန်မ ဂရုမစိုက်တော့ဘူး။ ဆေးရုံက ဆင်းပြီး အိမ်ကို ကျွန်မပြန်ခဲ့တယ်။ မောင့်အခန်းထဲဝင်ပြီး ကွန်ပျူတာကို ကျွန်မ ဖွင့်လိုက်တယ်။ မောင့် ရောဂါကို စသိတာ လွန်ခဲ့တဲ့ငါးလကတဲ့။ မောင့် ညည်းသံတွေ က တကယ်ပေါ့။

ကွန်ပျူတာထဲမှာ သားအတွက် မောင်ရေး ထားခဲ့တဲ့စာတွေ . . .

'သား . . . သားကြောင့် ဖေဖေ အခုအချိန်ထိ တောင့်ခံခဲ့တယ်။ သား မျက်နှာကိုမြင်ပြီးမှ ဖေဖေ လဲကျသွားပါစေ။ ဖေဖေ ကျေနပ်တယ်။ သားဘဝမှာ ပျော်ရွှင်တာတွေ ၊ စိတ်ညစ်တာတွေ ကြုံရဦးမယ်ဆိုတာဖေဖေသိတယ်။ သားရဲ့ ကြီးပြင်းလာမယ့် လမ်းတလျှောက်မှာ ဖေဖေသာရှိခဲ့မယ်ဆိုရင် ဘယ်လောက်ပျော်စရာ ကောင်းလိမ့်မလဲ။ ဖေဖေ့မှာ ဒီလိုအခွင့်အရေး တွေ မရှိတော့ဘူးသားရယ်။ သားဘဝမှာ ကြုံတွေ့ရမယ့် မေးခွန်းတွေ အတွက် ဖေဖေ စာတွေ ရေး ခဲ့တယ်။ ဖေဖေ့အကြံပြုချက်ကို သား မှီငြမ်းနိုင်ပါစေ။ ဖေဖေ့ရဲ့ ဒီစာတွေ နဲ့ သား ကြီးပြင်းလမယ့်လမ်းတလျှောက်မှာ အဖော်လုပ်နိုင်လိမ့်မယ်လို့ ဖေဖေ ယုံကြည်တယ်။ ဖေဖေ သိပ်ပျော်တယ် သား။ သားမေမေကိုလည်း သိပ်ချစ်တယ်။ သူ အရမ်းပင်ပန်းနေပြီ။ သူဟာ သားကို သိပ်ချစ်တဲ့ မိခင် တစ်ယောက် ၊ ဖေဖေသိပ်ချစ်တဲ့ မိန်းမ တစ်ယောက် ပေါ့ကွယ်'

သား မူကြိုကျောင်းတက်တာကအစ ဘွဲ့ရပြီး အလုပ်ဝင်တဲ့ အထိ နောက်ချစ်သူ ရည်းစားထားတဲ့အထိ သားအတွက် မမြင်ရသေးတဲ့ အနာဂတ်ကို စိတ်ရှည်လက်ရှည်နဲ့ တသီတကုံး မောင် ရေး ထားခဲ့တယ်။

ကျွန်မအတွက် စာမှာ တော့ . . .

'လူဒီ . . . ဒီတစ်သက် မောင့်အတွက် အပျော်ရွှင်ဆုံးဟာ လူဒီ့ကို လက်ထပ်ခဲ့ခြင်းပါပဲ။ လူဒီ့ကို ဒုက္ခရာတွေ ရစေခဲ့တဲ့ မောင့်ကို ခွင့်လွှတ်ပေးပါ။ ရောဂါ ကို ကွယ်ဝှက်ထားခဲ့တဲ့အတွက်လည်း ခွင့်လွှတ်ပေးပါ။ သားလေးမမွေးခင် လူဒီ့ကို စိတ်မထိခိုက်စေချင်လို့ပါ။ ဒီစာကိုဖတ်ရင်း မျက်ရည်ကျခဲ့မယ်ဆိုရင် မောင့်ကို ခွင့်လွှတ်ပြီပေါ့နော်။ မောင့်ကို ချစ်နေသေးတဲ့အတွက် ကျေးဇူးပါ လူဒီ။ ဒီလက်ဆောင်တွေ က

မောင်ကိုယ်တိုင် သားလေးကို မပေးနိုင်တော့ပါဘူး။ လူဒီကပဲ နှစ် တိုင်း မောင့်ကိုယ်စား သားကို ပေးပေးပါနော်။ ဘူးပေါ်မှာ လက်ဆောင်ပေးတဲ့ နှစ် ၊ လ၊ ရက်တွေ ကို ရေး ဖို့မမေ့ပါနဲ့ လူဒီ'

မောင်က မေ့မြောနေဆဲပါ။ သားကို ကျွန်မ ပွေ့ပြီး မောင့် ရင်ခွင်ထဲ ထည့်ပေး လိုက်တယ်။

'မောင် . . . မျက်လုံးလေးဖွင့်ပြီး တစ်ချက်လောက်ပြုံး လိုက်ပါလား မောင်။ မောင့်ရင်ငွေ့ကို သားတစ်သက် မှတ်မိသွားစေချင်လို့ပါ' ကျွန်မ အသံကြောင့် ထင်တယ်၊ မျက်လုံးကို မောင် အားယူဖွင့်လိုက်တယ်။ ယဲ့ယဲ့လေးပြုံးနေတဲ့ မောင့်ရင်ခွင်ထက်မှာ သားရဲ့ လက်ကလေးက ဟိုရမ်း ဒီရမ်းနဲ့'

ကင်မရာရှုပ်တာကို ကျွန်မ အမြန်ဆုံးနှိပ်ချလိုက်တယ်။ မျက်ရည်တွေ က ကျွန်မပါးပြင်ပေါ်ကို အတားအဆီးမဲ့ စီးကျလို့ လာခဲ့ပြန်ပါ တော့တယ်။

ပြီးပါပြီ

ပြောစရာရှိတဲ့စကားကို ရင်ထဲ အကြာကြီးထည့်မထားမိဖို့၊ ကိုယ်ချစ်တဲ့သူကို အကြာကြီးစိတ်ကောက်မိရင် သေးငယ်တဲ့ ပြဿနာဟာ ပိုကြီးလာတတ်တဲ့အကြောင်း၊ ဒါမှမဟုတ် နှစ် ဦးနှစ် ဖက် ယူကျုံး မရနိုင်တဲ့ အထင်လွဲမှု တွေ ဖြစ်လာတတ်တဲ့အကြောင်း ဒီဇာတ်လမ်းက ပြောပြသွားခဲ့ပါတယ်။

*

ယောက္ခမနှင့် ချွေးမကြားတွင် ဖြစ်တတ်သော ပြဿနာကြောင့် ပျက်စီးသွားသော ဖြစ်ရပ်မှန်အိမ်ထောင်ရေး ဇာတ်လမ်းတစ်ပုဒ်။ 'လူဒီ' ပြောပြီး 'လျှင်စုရှမ်'ရေး သားကာ 'နိုင်းနိုင်းစနေ' ဘာသာပြန်သည်။

# (၂)

ချယ်ရီသစ္စာ

'ဒါဆို ဟိုကောင်လေး ဘယ်ရောက်သွားလဲ' ထိုပုံပြင်ကို နားထောင်ဖူးသူတိုင်း ပုံပြင်အဆုံးတွင် မေးတတ်သော မေးခွန်း ဖြစ်သည် ...

တစ်ခါက မြို့တစ်မြို့တွင် တစ်ဦးကိုတစ်ဦးအလွန်ချစ်သော ချစ်သူနှစ် ဦးရှိသည်။ ကောင်လေးမှာ မကြာခင် စစ်မြေပြင်သို့ ရှေ့တန်း ထွက်ရမည် ။ ရှေ့တန်းမထွက်ခင် ချယ်ရီပျိုးပင်တစ်ပင်ကိုယူပြီး ချစ်သူ နှစ် ဦး သစ္စာဆိုကြသည်။ သစ္စာဆိုထားသော ချယ်ရီပင်ကိုလည်း မြို့ပြင်ရေကန်ကြီးတစ်ကန်ဘေးတွင် စိုက်ခဲ့ကြသည်။ ကောင်လေး စစ်မြေပြင်သို့ ထွက်သွားပြီးနောက် ကောင်မလေးမှာ ချယ်ရီပင်ကိုပြုစုစောင့်ရှောက်ရင်း ကောင်လေးအပြန်ကို စောင့်မျှော်နေခဲ့သည်။ ချယ်ရီပင် ကြီးထွားရှင်သန်လာသည်နှင့် အမျှ ကောင်လေးအပေါ် ပြခဲ့ သော သူမ၏ သစ္စာသည်လည်း ပိုမိုခိုင်မြဲလာခဲ့သည်။ ကောင်လေး ဘေးမသီရန်မခ ပြန်လာနိုင်စေရန် နေ့တိုင်း သူမ ဆုတောင်းသစ္စာ ဆိုခဲ့သည်။

စစ်ပြီးဆုံးသွားသော်လည်း ကောင်လေး ပြန်မလာခဲ့။ သို့သော် ပြခဲ့သော ကတိသစ္စာစကားအတိုင်း ကောင်မလေးမှာ ချယ်ရီပင်ကို ပြုစုရင်း ကောင်လေးပြန်အလာကို စောင့်မျှော်နေခဲ့သည်။ ငါးနှစ် ဆိုသော အချိန်ကို သူမ တစ်ယောက် တည်း အထီးကျန်စွာ ဖြတ်သန်းခဲ့ရသည်။ လက်လျှော့လိုက်ရန် လူအများ က သူမကို ဖျောင်းဖျကြသည်။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကောင်လေးပြန်လာမည် ဟု သူမ ယုံကြည်မိ နေသည်။ အရွယ်ရောက်နေပြီ ဖြစ်သော သူမကို အိမ်ထောင်ချပေးရန် မိဘများ က အတင်းအကျပ်စီစဉ်ကြသည်။ မင်္ဂလာမဆောင်ခင် တစ်ညနေ တွင် သူမ အိမ်ကထွက်ပြေးခဲ့သည်။ 'မိဘများ မျက်နှာကို အိုးမည်းသုတ် တဲ့ သမီး'ဟုဆိုကာ အိမ်က သူမကို လုံးဝပြန်မခေါ်တော့။ စိတ်၏ ငြိမ်းချမ်းခြင်းကို ရသွားဟန်တူသော သူမသည် ရေကန်နားရှိ ချယ်ရီပင် ဘေးတွင် တဲငယ်လေးထိုးပြီး နေခဲ့သည်။

ဆယ်နှစ်၊ အနှစ် နှစ် ဆယ် အချိန်များ တရွေ့ရွေ့ကုန်ဆုံးခဲ့သည်။ လူအများ က

ထိုအ ဖြစ်ကို မေ့လျော့ကုန်ကြပြီ။ သို့သော် ကောင်လေးပြန် အလာကို ချယ်ရီပင်အောက်တွင် သူမ စောင့်မျှော်နေဆဲ သွက်လက်သော သူမခြေလှမ်းများ လေးသွဲ့ခဲ့သည်။ မညိုးနက်သော ဆံပင်များ ဖြူဖွေးခဲ့ သည်။ ဇရာ၏ အရိပ်လက္ခဏာများ က သူမ၏ မျက်နှာကို အရစ်အစင်း အ ဖြစ် ကန့်လန့်ဖြတ်ခဲ့သည်။ သို့သော် ကောင်လေးနှင့် အတူပြုခဲ့သော သူမ၏ သစ္စာမှာ ပြောင်းလဲမသွားခဲ့။ နေထွက်မှနေဝင်သည့်တိုင် ချယ်ရီပင် အောက်တွင် သူမ နေ့တိုင်း စောင့်နေခဲ့မိသည်။

သစ္စာတရားကို ပွေ့ဖက်ပြီး ကောင်လေးပြန်အလာကို စောင့်မျှော်ရင်း အထီးကျန်စွာ သူမ ကွယ်လွန်သွားခဲ့သည်။ သူမ အ ဖြစ်ကို သိသူအချို့က ချယ်ရီပင်အောက်တွင် သူမကို မြှုပ်နှံသင်္ဂြိုဟ်ပေး လိုက်ကြသည်။ ထူးဆန်းစွာ ပင် ထိုနေ့မှစ၍ နွေမိုးဆောင်း ပြောင်းလဲ သည့်တိုင် ထိုချယ်ရီပင်ရှိ အရွက်များ သည် ခြောက်သွေ့ညှိုးနွမ်း ကြွေကျခြင်းမရှိတော့။ သူမကို ထိုအပင်အောက်တွင် မြှုပ်နှံလိုက်သည့် အချိန်မှစ၍ ထိုပတ်ဝန်းကျင်ရှိ အချိန်သည် လုံးဝ ရပ်တန့်သွားဟန်တူသည်။

ထိုနေ့မှစ၍ ရေကန်ဘေးတွင် ရာဇဝင်တစ်ခုတွင် ခဲ့သည်။ ထိုချယ်ရီပင်တွင် လာရောက်သစ္စာဆို ဆုတောင်းသော ချစ်သူမောင်နှံ တိုင်း ဆန္ဒပြည့်ဝပြီး သစ္စာမြဲခဲ့ကြသည်။ ဘဝတွင် ပျော်ရွှင်စွာ ပေါင်းဖက် ကြရသည်။

အရိပ်ကောင်းသော သစ်ပင်ရိပ်တွင် ကျွန်တော် တို့ လူငယ် တစ်သိုက် အဘသွင်ကို ဝိုင်းဖွဲ့ပြီး ထိုင်နေကြသည်။ အဘသွင်မှာ ပုံပြောအပြီး မောသွားဟန်တူသည်။ ရေနွေးကြမ်းကို ကောက်ယူ သောက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။ ပုံပြင်အဆုံးတွင် မိဆိုး လက်ကို ကျွန်တော် တင်းတင်းလေးဆုပ်ကိုင်ထားမိသည်။ မိဆိုးလည်း ကျွန်တော် စိတ်ကို နားလည်သည့်အလား ကျွန်တော့် လက်ကို တင်းတင်း ပြန်ဆုပ်ကိုင်ထားသည်။

တကယ်တော့ အဘသွင်ပြောသော ပုံပြင်ကို ပထမဆုံးအကြိမ် ကျွန်တော် တို့ နားထောင်ဖူးကြသည် မဟုတ်ပါ။ ဤပတ်ဝန်းကျင်ရှိ ကျွန်တော် တို့အရွယ် လူငယ်များ က အဘသွင်၏ ပုံပြင်ကို နားထောင်ပြီး ကြီးပြင်းလာသူများ ဖြစ်သည်။ ယနေ့ ထပ်နားထောင်သော ပုံပြင်သည် ကျွန်တော် တို့အတွက် ပိုအဓိပ္ပာယ်ရှိနေသည်။ မကြာမီ

ကျွန်တော် ရှေ့တန်း ထွက်ရတော့မည် ဖြစ်သော ကြောင့် ဖြစ်သည်။ ကျွန်တော် ဘယ်အချိန်ပြန် ရောက်မည် ကို မသိ။ မိဆိုးကလည်း လိုက်မပို့ဟု ဆိုသည်။

ကျွန်တော် သွားလျှင် ချယ်ရီပင်အောက်တွင် သူမ သွားရောက်ဆုတောင်း မည်ဟု ဆိုသည်။ သို့ သော် ပုံပြင်ထဲက ကောင်မလေးလို သူမ တုံးအ လိမ့်မည် မဟုတ်မှန်း ကျွန်တော် သိသည်။ ဘဝတစ်ခုလုံးနှင့် ရင်းပြီး လူ တစ်ယောက် ကို မည် မျှချစ်ကြောင်း သက်သေပြစရာမလိုပေ။ ထိုအပြုအမူကို ကိုယ်ချစ်သော သူ သိပါက စိတ်မကောင်းရုံပင် ဖြစ်မည် ။

အမူကို ကိုယ်ချစ်သော သူ သိပါက စိတ်မကောင်းရုံပင် ဖြစ်မည် ။ 'ဒါဆို ဟိုကောင်လေး ဘယ်ရောက်သွားလဲ'

ထိုပုံပြင်ကို နားထောင်ဖူးသူတိုင်း ပုံပြင်အဆုံးတွင် မေးတတ် သော မေးခွန်း ဖြစ်သည်။ ပထမဆုံးအကြိမ် နားထောင်ဖူးသည့် အချိန်မှစပြီး ယနေ့ထက်ထိ ထိုမေးခွန်းကို ကျွန်တော် တို့ မေးနေကြဆဲ ထိုမေးခွန်းကို မေးတိုင်း အဘသွင်မှာ ပြုံးလျက်ခေါင်းခါမြဲ။ ထို့နောက် တုတ်ကောက်ကို အားပြုပြီး နေရာမှ ထထွက်သွားတတ်သည်။

စစ်ပွဲမှာ ကောင်လေး ကျဆုံးသွားလို့လား။

တခြားကောင်မလေးနဲ့ အိမ်ထောင်ကျသွားလို့လား။

ဒဏ်ရာရပြီး ပြန်မလာနိုင်တာလား။

စသည်ဖြင့် ကျွန်တော် တို့ ခန့်မှန်းကြမြဲ။ ပုံပြင်ဆုံးတိုင်း ထို မေးခွန်းကို ကျွန်တော် တို့ မေးနေမြဲ။ တစ်ချိန်ချိန်တွင် အဘသွင် ပြန်ဖြေမည် ဟုလည်း ကျွန်တော် တို့ မျှော်လင့်နေမြဲ။ ထိုအဖြေမှာ ကျွန်တော် တို့ ခန့်မှန်း သည်ထက် ပိုစိတ်ဝင်စားဖွယ်ကောင်းမည်ဟု ကျွန်တော် တို့ ထင်ခဲ့ကြ သည်။

'ဒီမေးခွန်းကို ကျွန်တော် ဖြေပါရစေ'

အသံလာရာဆီသို့ ကျွန်တော် တို့အားလုံး လှည့်ကြည့်မိကြ သည်။ ကျွန်တော်

တို့အရွယ် မျက်နှာစိမ်းလူငယ်တစ်ဦး၊ အဘသွင် ပုံစပြောကတည်းက မလှမ်းမကမ်းတွင် ရှိနေခဲ့သည်။ ခရီးသွားဟန်လွဲ သစ်ပင်အောက်တွင် ခဏအနားယူသူအ ဖြစ် သူ့ကို ကျွန်တော် တို့ သတိ မထားမိခဲ့ခြင်း ဖြစ်သည်။

လူတွေ အားလုံး သူ့ကို စိတ်ဝင်တစား ကြည့်နေမိသည်။

'ကျွန်တော် ကို ကြည့်နေမလား။ ကျွန်တော့် အဖြေကို နားထောင် မလား'

'နားထောင်မှာ ပေါ့'

ခပ်ဟဟလှမ်းပြောလိုက်သော သူ့စကားကြားမှ ကျွန်တော် တို့ အားလုံး အသိဝင်လာကြသည်။ အဖြေခက်သော ပုစ္ဆာတစ်ပုဒ်၏ အဖြေကို ကျွန်တော် တို့ စောင့်နေခဲ့သည်မှာ နှစ် ပေါင်းမနည်းတော့။ ထိုအဖြေကို ရင်တထိတ်ထိတ်ဖြင့် ကျွန်တော် တို့ နားထောင်ချင်ခဲ့ကြသည်။

'အင်း . . . အချိန်တန်ပြီထင်တယ်။ အဘနောက် လိုက်ခဲ့ပါ သူငယ်။ ဒီအဖြေ သူ့ကို အရင်ပြောပြမှ ဖြစ်မယ်'

တုတ်ကောက်ကိုအားပြုပြီး အဘသွင် ထရပ်လိုက်သည်။ လူငယ် ကိုခေါ်ပြီး ချယ်ရီပင်ရှိရာဘက် ဦးဆောင်လိုက်သည်။ လူငယ်မှာ အရာရာကို ကြိုသိထားသည့်အလား ဘာမေးခွန်းမျှထုတ်မနေဘဲ အဘသွင်ခေါ်ရာ နောက် လိုက်ခဲ့သည်။ ကျွန်တော် နှင့် မိဆိုးလည်း အချင်းချင်းလက်ကုတ်ပြီး သူတို့နောက် တိတ်တဆိတ်လိုက်ခဲ့ကြ သည်။

မြို့ပြင်ရေကန်ဘေးရှိ ချယ်ရီပင်အောက်တွင် သူတို့ ရပ်လိုက်ကြ သည်။ ချယ်ရီပင်မှာ စိမ်းလန်းစိုပြေနေပြီး အပင်အောက်တွင် ရွက်ကြွေများ လုံးဝရှိမနေပေ။

'ဒီအပင်လား၊ သူတို့ သစ္စာဆို စိုက်ပျိုးခဲ့ကြတာ'

'ဟုတ်တယ်။ ဒီချယ်ရီပင်ပဲ'

'ဒီလိုဆိုရင် ကျွန်တော် ဘယ်သူလဲဆိုတာ အရင်ဆုံး မိတ်ဆက် ပါရစေ'

အရိပ်ကောင်းသော နေရာတစ်ခုတွင် အဘသွင်ကိုထိုင်ခိုင်းပြီး လူငယ်က

ပြောသည်။

'မိတ်ဆက်စရာမလိုပါဘူး။ ပုံပြင်ရဲ့ အဆုံးကိုပဲ အရင်ပြောပါ' ကျွန်တော်တို့ထက် အဘသွင်က ပိုစိတ်စောနေသည်။ လူငယ်မှာ လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း စကားစသည်။

ကောင်လေးမှာ ရှေ့တန်းတွင် ကျဆုံးသွားသည်မဟုတ်။ စစ်ပြီး ချိန်ထိ ဘေးမသီရန်မခ အသက်ရှင်နေခဲ့သည်။ စစ်ပြီးလျှင် ချစ်သူနှင့်အတူ သစ္စာဆိုခဲ့သော နေရာသို့ ပြန်ပြီး ချစ်သူနှင့် တွေ့ရတော့မည်။ သို့သော် သူ လုံးဝမပျော်ခဲ့ပါ။ အကြောင်းမှာ စစ်အတွင်း သူတို့စခန်းချသော ရွာကို ရန်သူများ အလစ်ဝင်ရောက်တိုက်ခိုက်ကြသည်။ ရန်သူကို ခုခံကာကွယ် ရင်း ရွာသူတစ်ဦးကို သူ့ကျည်ဆန် မတော်တဆထိမှန်ခဲ့သည်။ ထိုရွာသူမှာ အသက်မသေသော်လည်း ဒုက္ခိတဘဝသို့ ရောက်ခဲ့ရသည်။ ကောင်လေး မှာ သူ့ကြောင့် ဖြစ်သည်ဟုဆိုကာ ထိုရွာသူကို တစ်သက်လုံးလည်း ပြုစု စောင့်ရှောက်ဖို့ တာဝန်ယူခဲ့သည်။

ရဲဘော်ရဲဘက်များ က သူမ၏ ကံတရားကြောင့် ဟု ဖျောင်းဖျခဲ့ သော်လည်း အမှား တစ်ခုမှ နောက်ထပ်အမှား မထပ်ရအောင် သူမ ဘဝကို တာဝန်ယူရန် သူ ဆုံးဖြတ်လိုက်သည်။ ထိုရွာသူကို သူ လက်ထပ်ယူခဲ့ပြီး တိုက်ပွဲတွင် သူ ကျဆုံးသွားပြီဟု ထင်စေချင်သော ကြောင့် ချယ်ရီပင် အောက်တွင် သူ့အပြန်ကို စောင့်နေမည့် သူမကို အကြောင်းမကြားခဲ့မိ ခြင်း ဖြစ်သည်။

မလှုပ်မရှားနိုင်သော သူမကို ပြုစုစောင့်ရှောက်ရင်း အချိန်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးခဲ့သည်။ သူကွယ်လွန်ပြီး တစ်နှစ် ကြာမှာ သူ့ ဒိုင်ယာရီကို အိမ်သားများ က အမှတ်မထင် တွေ့မိခဲ့ကြသည်။ စာအုပ်ထဲတွင် ချယ်ရီပင်နှင့် သစ္စာဆိုခဲ့သော ကောင်မလေးကို တစ်နေ့မှ သူ မမေ့ကြောင်း၊ အမှား တစ်ခုကြောင့် သူနှင့် သူမ ဝေးခဲ့ရကြောင်း၊ နောက်ဆုံးထွက်သက်ထိ သူမကို အောက်မေ့သတိရကြောင်း ရေး ထားသည်။

မလှုပ်မရှားနိုင်သော သူမကို ပြုစုစောင့်ရှောက်ရင်း အချိန်တွေ တစ်နှစ်

ပြီးတစ်နှစ် ကုန်ဆုံးခဲ့သည်။ သူကွယ်လွန်ပြီး တစ်နှစ် ကြာမှာ သူ့ ဒိုင်ယာရီကို အိမ်သားများက အမှတ်မထင် တွေ့ မိခဲ့ကြသည်။ စာအုပ်ထဲတွင် ချယ်ရီပင်နှင့် သစ္စာဆိုခဲ့သော ကောင်မလေးကို တစ်နေ့မှ သူ မမေ့ကြောင်း၊ အမှား တစ်ခုကြောင့် သူနှင့် သူမ ဝေးခဲ့ရကြောင်း၊ နောက်ဆုံးထွက်သက်ထိ သူမကို အောက်မေ့သတိရကြောင်း ရေးထားသည်။

'စာအုပ်က ဒီမှာ ပါ' အိတ်ထဲမှ စာအုပ်တစ်အုပ်ကို လူငယ်က ထုတ်ပေးသည်။

'ကျွန်တော် ပြောစရာရှိသေးတယ်။ ကျွန်တော့် အဖေဆုံးတဲ့အထိ သူချစ်တဲ့ ကောင်မလေးကို သစ္စာမဖောက်ခဲ့ဘူး။ ကျွန်တော့် မေမေ ကို လက်ထပ်ယူခဲ့တယ်လို့သာ ပြောတယ်။ မောင်နှမလိုအချစ်မျိုး၊ အားပေး ဖော်အ ဖြစ်နဲ့သာ သူတို့ နေခဲ့ကြတယ်။ ကျွန်တော်က သူတို့ရဲ့ မွေးစားသားပါ'

'အင်း . . . နင်လည်း စိတ်ချလက်ချသွားတော့။ သူ့စိတ်က နင့်အနားမှာ ပဲ သစ္စာရှိရှိနေခဲ့တယ်'

ပါးစပ်က တတွတ်တွတ်ရွတ်ရင်း ချယ်ရီပင်ကို အဘသွင် ပွတ် သပ်နေသည်။

'ကျွန်တော် ပြောဖို့တစ်ခုကျန်သေးတယ်'

အိတ်ထဲက အိုးတစ်လုံးကိုထုတ်ရင်း လူငယ်က ပြောသည်။

'ဒါ ကျွန်တော့် မွေးစားအဖေရဲ့ ပြာအိုးပါ။ တစ်နေရာတည်းမှာ အတူမြှုပ်ဖို့ အမေက မှာ လိုက်တယ်'

'ဒီသစ်ပင်အောက်မှာ ပဲ မြှုပ်လိုက်ပါ။ ဒီနေရာမှာ ပဲ သူ့ကို မြှုပ်ခဲ့တာပါ'

ဒိုင်ယာရီစာအုပ်နှင့် ပြာအိုးကို ချယ်ရီပင်အောက်တွင် သူတို့ မြှုပ်နှံလိုက်ကြပြီး လူငယ်မှာ နှုတ်ဆက်ထွက်ခွာသွားခဲ့သည်။ အဘသွင်မှာ သစ်ပင်ခြေရင်းတွင် မလှုပ်မယှက် ထိုင်နေခဲ့သည်။ မြူမှုန်လား၊ မီးခိုးလား မသိ မှုန်ဝါးဝါးအငွေ့တချို့က ရေကန်နှင့် သစ်ပင်တစ်ပိုက်တွင် တစ်ခဏမျှ အုံ့ဆိုင်းသွားခဲ့သည်။

မိဆိုးမှာ ကျွန်တော့် လက်ကိုဆွဲပြီး ပြန်ရအောင်ဟုဆို၏ ။ ထိုနေရာမှ လှည့်အထွက် ချယ်ရီပင်၏ တစ်ဖက်ခြမ်းတွင် တစ်ယောက် လက်ကို တစ်ယောက် တွဲ ပြီး ဖြည်းဖြည်းချင်း လျှောက်သွားနေသော လူရိပ်နှစ် ရိပ် ကျွန်တော် မြင်လိုက်သည်။ ကျွန်တော် ကပဲ အကြည့် မှား းတာလား၊ မိဆိုးကိုမေးတော့ . . .

'ဟုတ်သော် ရှိ မဟုတ်သော် ရှိ 'သူတို့' ကို သွားမနှောင့် ယှက်ရဘူးလေ'

မိဆိုးစကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ သူတို့လည်း တစ်ယောက် ကို တစ်ယောက် အရမ်းလွမ်းနေမှာ ကို ကျွန်တော် ကိုယ်ချင်းစာ မိသည်။

မကြာမီ ကျွန်တော် ရှေ့တန်းထွက်ရသည်။ မိဆိုးက သူပြောခဲ့ သည့်အတိုင်း ကားတန်းရှိရာသို့ လိုက်မပို့ခဲ့သော် လည်း ချယ်ရီပင်အောက် တွင် သူမ သစ္စာဆိုဆုတောင်းနေမည် ကို ကျွန်တော် သိနေခဲ့သည်။

တစ်လအကြာတွင် မိဆိုးဆီက စာတစ်စောင်ကို ကျွန်တော် လက်ခံရရှိခဲ့သည်။ စာထဲတွင် အဘသွင် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း၊ အိပ်ရက်နှင့် အေးချမ်းစွာ သေဆုံးသွားကြောင်း၊ သူ့မျက်နှာပေါ်တွင် ကျေနပ်သော အပြုံးနှင့် သေဆုံးသွားကြောင်း ရေး ထားသည်။ အဘသွင် မကွယ်လွန်ခင်က မိဆိုးကို စာတစ်စောင် ပေးခဲ့ သည်ဟု ဆို၏ ။ သူ့ကို သင်္ဂြိုဟ်ပြီးမှ ဖွင့်ကြည့်ပါဟု မှာ ခဲ့သည်။ စာထဲတွင် အဘသွင်မှာ တစ်ချိန်က မင်္ဂလာဆောင်ရန် စီစဉ်ထားပြီးခါမှ ပွဲပျက်ခဲ့ရသော သတို့သားလောင်း ဖြစ်ကြောင်း၊ သစ္စာကြီးသော သူမကိုယူဖို့ ဆုံးဖြတ်ခဲ့မိ သည့်အတွက် နောင်တရမိကြောင်း၊ သူမကို မတားနိုင်ခဲ့သည့်အတွက် လည်း လွန်စွာ နောင်တရမိကြောင်း၊ သူမကို မပိုင်ဆိုင်ရသော လည်း စောင့်ရှောက်ရန် သူကြိုးစားခဲ့ကြောင်း၊ သူတို့အ ဖြစ်ကို ရာဇဝင်ပုံပြင်သဖွယ် တွေ့သမျှလူတွေ ကို သူ ပြောပြခဲ့သည်မှာ လည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ထိုကောင်လေး နားသို့ ရောက်ပြီး ချယ်ရီပင်အောက်တွင် သူမ စောင့်နေ သည်ကို သိရှိရန်အတွက် ဖြစ်ကြောင်း၊ ယခုအခါ သူတို့ချစ်သူနှစ် ဦးမှာ လည်း တမလွန်တွင် ပေါင်းဖက်နေရပြီ ဖြစ်သော ကြောင့် သူ ကျေနပ် စိတ်ချသွားပြီ ဖြစ်ကြောင်း ရေး ထားသည်ဟု ဆိုသည်။

နှစ် ပေါင်းများ စွာ စောင့်စားခဲ့သော ပုံပြင်တစ်ပုဒ်၏ အဆုံးသတ်ကို အခုမှ ကျွန်တော် သိလိုက်ရသည်။ ကောင်လေး ဖြစ် ဖြစ်၊ ကောင်မလေး ဖြစ် ဖြစ်၊ အဘသွင်ပဲ ဖြစ် ဖြစ်၊ နောက်ပြီး ရွာသူကောင်မလေးပဲ ဖြစ် ဖြစ်၊ သူတို့သည် အချစ်ကို နားလည်ကြသူများ ဖြစ်သည်။ အချစ်ကို အချစ်ဖြင့် ချစ်ခဲ့ကြသော အချစ်အပေါ် သစ္စာရှိသူများ ဖြစ်ကြသည်။ ပုံပြင်တစ်ပုဒ် လုံးကို သိပြီးချိန်တွင် အမည် မသိသော ဝေဒနာတစ်ခု ကျွန်တော့် ရင်ထဲ တိုးဝင်လာခဲ့သည်။ မိဆိုး၏ စာအောက်တွင် စာကြွင်းအ ဖြစ် ဤသို့ ရေး ထား သေးသည်။

'မောင် ဘာအကြောင်းပဲ ဖြစ် ဖြစ် အရေး မကြုံခဲ့ရင် သေနတ်ကို လျှောက်မပစ်ပါနဲ့နော်'